| အခေါ်အဝေါ် | အဓိပ္ပာယ်ဖွင့်ဆိုချက် | ပုံ |
|---|---|---|
| **နားအနောက်ဖက်တပ် နားကြားကိရိယာ** | နားအနောက်ဖက်တပ် နားကြားကိရိယာသည် သင့်နားထိပ်တွင်တွယ်ချိတ်ထားပြီးနားအနောက်ဘက်တွင် ထားရသည်။ သင့်နားအတွင်း အံဝင်ခွင်ကျဖြစ်သည့် နားကြပ်တစ်ခုအား ပြွန်တစ်ခုဖြင့် ချိတ်ဆက်ထားသည်။ |  |
| **ဆီးပိုက်** | ဆီးအိမ်မှ ဆီးကို စွန့်ထုတ်ရန် အသုံးပြုသော ပျော့ပျောင်းသော ပြွန်တစ်ခုဖြစ်သည်။၎င်းတို့၏ ဆီးအိမ်မှ အမှီအခိုကင်းစွာ သို့မဟုတ် မိမိဆန္ဒ အလျောက် ဆီးမစွန့်ထုတ်နိုင်သူ အချို့တွင် အသုံးပြုသည်။ |  |
| **ချည့်နဲ့သူ** | အားပျော့ခြင်း၊ ထိခိုက်လွယ်ခြင်းနှင့် အားနည်းခြင်း။ လူများအသက်ကြီးလာပြီး ကျန်းမာရေးကျဆင်းလာသောအခါ ဖြစ်ပေါ်လာတတ်သည်။ | |
| **ဆီး၊ဝမ်းမထိန်းနိုင်ခြင်း** | လူတစ်ဦးသည် ၎င်းတို့၏ ဆီး သို့မဟုတ် ဝမ်းကို ထိန်းချုပ်ရန်ခက်ခဲခြင်း သို့မဟုတ် မိမိ ဆန္ဒအလျောက်မထိန်းချုပ်နိုင်ခြင်း | |
| **အချိန်ကိုအသံထွက်ပြောပေး သောနာရီ၊ လက်စမ်းနာရီ** | အချိန်ကို အသံထွက်ပြောပေးသောနာရီ |  |
| **ဝန်ဆောင်မှုပေးသူ** | ဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် အဖွဲ့အစည်းတစ်ခုတွင် အလုပ်လုပ်နေသူများ။ | |
| **ဘီး၄ဘီးပါသောလမ်းလျှော က်လက်ကိုင်တွန်းလှည်း** | ဘီးလေးဘီးပါသောလမ်းလျှောက်ကိရိယာ |  |

| | | |
|---|---|---|
| **လေဖြတ်ရောဂါ** | ဦးနှောက်ထဲတွင် သွေးကြောပိတ်ခြင်း။ ၎င်းကြောင့် ခန္ဓာကိုယ်တခြမ်း အားယုတ်ခြင်း မလှုပ်ရှားနိုင်တော့ခြင်းအပြင် စကားပြောခြင်း၊ ခံစားခြင်း၊ တွေးခေါ်ခြင်း၊ မြင်ခြင်း တို့ကိုပါ ပြဿနာဖြစ်စေနိုင်သည်။ | |
| **ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဦးစားပေး အထောက်အကူပြုပစ္စည်းများ စာရင်း** | ဦးစားပေး အထောက်အကူပြုပစ္စည်းများ စာရင်းကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ပြင်ဆင် ထားပါသည်။ အဆိုပါစာရင်းသည် နိုင်ငံအလိုက် အမျိုးသားဦးစားပေး အထောက်အကူပြု ပစ္စည်းများစာရင်းကို ပြုစုပျိုးထောင်ရာတွင် အသုံးပြုနိုင်သည့် စံနမူနာတစ်ခုဖြစ်သည်။ | |
| **သူငယ်နာအကြောရောဂါ** | လှုပ်ရှားမှု၊ ကြွက်သားတင်းခြင်း၊ဟန်ချက်ညီမှု နှင့် ကိုယ်နေဟန်ထားတို့ကို ထိခိုက် စေသော ရောဂါ။ သူငယ်နာအကြောရောဂါသည် မမွေးခင်၊မွေးဖွားစဉ်နှင့် မွေးဖွားပြီးချင်း ဦးနှောက်ထိခိုက်သွား၍ ရရှိလာသောရောဂါတခုဖြစ်သည်။ | |
| **မျိုးရိုးဗီဇကြောင့် ဉာဏ်ရည်မပြည့်သည့်ရောဂါ** | မွေးရာပါအခြေအနေတစ်ခုဖြစ်ပြီး ကျန်းမာရေး၊ ဉာဏ်ရည် (တွေးခေါ်မှု) နှင့် ကြီးထွားဖွံ့ဖြိုး မှုတို့တွင် အခက်အခဲအချို့ကို ဖြစ်စေနိုင်သည်။ ၎င်းအခြေအနေ ရှိသူများတွင် ရုပ်ပိုင်းဆိုင်ရာ သီးခြား အင်္ဂါရပ်များ ရှိနိုင်ပါသည်။ | |
| **ကျောရိုးရှိပင်မအာရုံ ကြောဒဏ်ရာရခြင်း** | အာရုံကြောမကြီးပျက်ဆီးခြင်းသည် ထိခိုက် ဒဏ်ရာ (သို့) ရောဂါကြောင့် ဖြစ်လေ့ရှိသည်။ အာရုံကြောမကြီး ထိခိုက်ဒဏ်ရာရပြီး နောက် အာရုံကြောမကြီးမှ ဦးနှောက်နှင့် ခန္ဓာကိုယ်ကြား သတင် းစကားများကို ဆက်သွယ်၍ မပို့ဆောင်ပေးနိုင်တော့ချေ။ ထိခိုက်ဒဏ်ရာရသည့် အာရုံကြောမကြီး နှင့် သက်ဆိုင်သော ခန္ဓာကိုယ်အောက်ပိုင်း သည် မလှုပ်ရှားနိုင်ခြင်းနှင့် အာရုံခံစားမှုမရှိတော့ ခြင်း ကို | |

| | | |
|---|---|---|
| | ဖြစ်စေနိုင်လေ့ရှိသည်။ | |